# မာတိကာ

## အခန်း [ ၁ ] လူမှုဗေဒကို လေ့လာခြင်း


| | | |
|---|---|---|
| ၁-၁။ | လူ့အဖွဲ့အစည်း အဓိပ္ပာယ် သို့မဟုတ် လူမှုဗေဒအဓိပ္ပာယ် | ၁၇ |
| ၁-၂။ | လူမှုဗေဒ မူလအစ | ၂၅ |
| ၁-၃။ | လူမှုဘဝသို့ တော်လှန်ရေးသဏ္ဍာန်ရောက်ရှိလာခြင်း | ၂၈ |
| ၁-၄။ | လူမှုဗေဒ၏ အခြေခံအချက်ငါးချက် | ၃၂ |
| ၁-၅။ | လူ့အဖွဲ့အစည်းတည်ဆောက်ထားမှု ပုံစံ | ၃၃ |
| ၁-၆။ | လူမှုဘဝအတွင်း ပြုမူမှု | ၃၅ |
| ၁-၇။ | လူမှုဘဝ အတူပူးပေါင်းဆောင်ရွက်မှုများ | ၃၆ |
| ၁-၈။ | လူမှုဘဝ၏ ဩဇာအာဏာ | ၃၈ |
| ၁-၉။ | လူမှုဘဝ ယဉ်ကျေးမှု | ၄၀ |
| | အခြေခံငါးချက်၏ နမူနာပုံစံ (ချဉ်းကပ်လေ့လာမှု) (ပင်လယ်ကွေ့စစ်ပွဲကို လူမှုဗေဒဖြင့် သုံးသပ်ခြင်း) | |
| ၁-၁၀။ | လူ့အဖွဲ့အစည်း တည်ဆောက်ထားမှုပုံစံ | ၄၃ |
| ၁-၁၁။ | လူ့အဖွဲ့အစည်း ပြုမူမှု | ၄၈ |
| ၁-၁၂။ | လူ့အဖွဲ့အစည်းအတွင်း အတူပူးပေါင်းဆောင်ရွက်မှု | ၅၃ |
| ၁-၁၃။ | ဩဇာအာဏာ | ၅၈ |
| ၁-၁၄။ | ယဉ်ကျေးမှု | ၆၁ |
| ၁-၁၅။ | လူမှုဗေဒအမြင်ဖြင့်ခြုံငုံသုံးသပ်မှု | ၆၉ |


## အခန်း [ ၂ ] ယဉ်ကျေးမှု


| | | |
|---|---|---|
| ၂-၁။ | ယဉ်ကျေးမှုနှင့် အစဉ်အလာ | ၇၃ |
| ၂-၂။ | ရုပ်ဝတ္ထုများက ညွှန်းဆိုသော ယဉ်ကျေးမှုနှင့် ရုပ်ဝတ္ထုမဟုတ်သော ယဉ်ကျေးမှု | ၇၄ |
| ၂-၃။ | ရုပ်ဝတ္ထုမဟုတ်သော ယဉ်ကျေးမှု | ၇၅ |
| ၂-၄။ | တန်ဖိုးများ | ၇၅ |
| ၂-၅။ | စံနှုန်းများ | ၇၇ |
| ၂-၆။ | ပုံသဏ္ဍာန်၊ လက္ခဏာ၊ သင်္ကေတများ | ၇၉ |
| ၂-၇။ | ဘာသာစကား | ၈၁ |
| ၂-၈။ | အသိပညာ | ၈၄ |


## အခန်း [ ၃ ] မိသားစု


| | | |
|---|---|---|
| ၃-၁။ | မိသားစုနှင့် လူ့အသိုက်အဝန်း | ၈၉ |
| ၃-၂။ | မိသားစုပုံစံနှင့် လုပ်ငန်းစဉ်၊ တာဝန်နှင့် ပြုမူမှု | ၈၉ |
| ၃-၃။ | ပုံသဏ္ဍာန်ကွဲ ယဉ်ကျေးမှုမတူ မိသားစုများ | ၉၁ |
| ၃-၄။ | ပုံသဏ္ဍာန်ကွဲ မိသားစုဝင်များဖွဲ့စည်းထားမှု | ၉၁ |
| ၃-၅။ | အခြေခံမိသားစုပုံစံ ယခင်နှင့် ယခု | ၉၄ |
| ၃-၆။ | ယနေ့ခေတ်၏ ဖြစ်ရပ်များ | ၉၅ |
| ၃-၇။ | မိဘနှစ်ဦးအလုပ်လုပ်သည့် မိသားစု | ၉၆ |
| ၃-၈။ | ကလေးများပြုစုမှု ပျက်ကွက်ခြင်း | ၉၇ |
| ၃-၉။ | ပုံစံကွဲ မိသားစုစနစ် | ၉၈ |
| ၃-၁၀။ | တစ်ကိုယ်တည်း အပျိုကြီး၊ လူပျိုကြီးဘဝ | ၉၈ |
| ၃-၁၁။ | လက်မထပ်ဘဲအတူနေထိုင်ခြင်း | ၁၀၀ |


## အခန်း [ ၄ ] လူ့ဘဝ၏ ဦးတည်မှု (ကလေးဘဝမှ အိုမင်းသည်အထိ)


| | | |
|---|---|---|
| ၄-၁။ | လူမှုဘဝကို အသက်အရွယ်အလိုက် ခွဲခြားမှု | ၁၀၅ |
| ၄-၂။ | ကလေးဘဝ | ၁၁၀ |
| ၄-၃။ | ကလေးဘဝ၏ နောက်ကြောင်းဖြစ်ရပ်များ | ၁၁၁ |
| ၄-၄။ | ကလေးဘဝ ထပ်မံပျောက်ဆုံးခြင်း | ၁၁၄ |
| ၄-၅။ | မြီးကောင်ပေါက်အရွယ် | ၁၁၇ |
| ၄-၆။ | မြီးကောင်ပေါက်အရွယ်၏ ဖန်တီးမှု | ၁၁၇ |
| ၄-၇။ | လူလတ်ပိုင်းကူးကြားကာလ | ၁၁၈ |
| ၄-၈။ | လူလတ်ပိုင်းအရွယ် | ၁၂၀ |
| ၄-၉။ | အမျိုးသားများ ဖွံ့ဖြိုးကြီးပြင်းလာမှု | ၁၂၁ |
| ၄-၁၀။ | အမျိုးသမီးများ ဖွံ့ဖြိုးကြီးပြင်းလာမှု | ၁၂၄ |
| ၄-၁၁။ | အိုမင်းသော ဘဝကာလ | ၁၂၇ |
| ၄-၁၂။ | အိုမင်းသောကာလ၏ စိတ်ကူးထည် | ၁၃၁ |
| ၄-၁၃။ | ဘဝနေထိုင်မှုပုံစံနှင့် ဆက်ဆံရေး | ၁၃၂ |
| ၄-၁၄။ | မုဆိုးဖို၊ မုဆိုးမ ဘဝနှင့် ကျား၊ မ ကွဲပြားမှု | ၁၃၄ |
| ၄-၁၅။ | သေဆုံးခြင်းနှင့် သေဆုံးခါနီးကာလ | ၁၃၇ |


## အခန်း [ ၅ ] ဘာသာရေး


| | | |
|---|---|---|
| ၅-၁။ | လူ့အဖွဲ့အစည်းနှင့် ဘာသာရေး | ၁၄၃ |
| ၅-၂။ | ယဉ်ကျေးမှု။ ။ဘာသာရေးယုံကြည်မှုနှင့် သင်္ကေတလက္ခဏာများ | ၁၄၄ |
| ၅-၃။ | လူမှုရေးလှုပ်ရှားမှု။ ။ ဘာသာရေး အတွေ့အကြုံများ | ၁၅၀ |
| ၅-၄။ | လူမှုရေးတည်ဆောက်ထားမှုသဏ္ဍာန်။ ။ ဘာသာရေး အဖွဲ့အစည်းများ | ၁၅၁ |
| ၅-၅။ | အများပူးပေါင်းဆောင်ရွက်မှု။ ။ ဘာသာရေး | ၁၅၃ |
| ၅-၆။ | ဩဇာအာဏာ။ ။ ဘာသာရေးအဖွဲ့အစည်းများ | ၁၅၄ |
| ၅-၇။ | လူမှုအပြောင်းအလဲနှင့် ဘာသာရေး | ၁၅၇ |
| ၅-၈။ | ခေတ်ပေါ်အမြင်နှင့် ဘာသာရေး | ၁၅၇ |
| ၅-၉။ | ဘာသာရေး မှုန်းမံမှု။ ။ မော်မွန် ယုံကြည်မှု ပေါ်ပေါက်လာခြင်း | ၁၆၀ |


## အခန်း [ ၆ ] လူမှုပေါင်းသင်းဆက်ဆံခြင်း


| | | |
|---|---|---|
| - | နိဒါန်း | ၁၆၅ |
| ၆-၁။ | လူမှုပေါင်းသင်းဆက်ဆံရေးနယ်၏ ဇီနှင့် ပတ်ဝန်းကျင် | ၁၆၉ |
| ၆-၂။ | မျိုးဗီဇနှင့် ပတ်ဝန်းကျင် အပြန်အလှန် | ၁၇၁ |
| ၆-၃။ | လူမှုပေါင်းသင်းဆက်ဆံခြင်းနှင့် အပြန်အလှန်ယှက်နွယ်မှု | ၁၇၃ |
| ၆-၄။ | ပညာရှင် Cooley ၏ မှန်ကို ကြည့်၍ မိမိကိုယ်မိမိရှာဖွေခြင်း | ၁၇၄ |
| ၆-၅။ | ပညာရှင် မိဒ် Mead ၏ မိမိနေရာရယူခြင်း | ၁၇၆ |
| ၆-၆။ | ဖရိုက်-မသိစိတ်၏ လှုံ့ဆော်မှုနှင့် လူမှုပေါင်းသင်းဆက်ဆံမှု | ၁၇၉ |
| ၆-၇။ | လူမှုအဆင့်လိုက် တန်ဖိုးများပြောင်းလဲသွားခြင်း | ၁၈၃ |


## အခန်း [ ၇ ] လူမှုရေးပြောင်းလဲမှု (ပြောင်းလဲနေသောလူ့အသိုက်အဝန်း)


| | | |
|---|---|---|
| ၇-၁။ | လူမှုရေးပြောင်းလဲမှု (ပြောင်းလဲနေသော လူ့အသိုက်အဝန်း) | ၁၉၁ |
| ၇-၂။ | လူမှုပြောင်းလဲခြင်း၏ ဂန္ထဝင်မြောက်အယူအဆများ | ၁၉၄ |
| ၇-၃။ | အာဏာနှင့် ပဋိပက္ခကြောင့် လူမှုပြောင်းလဲခြင်း ကားမတ် Kaul Marx ၏ အမြင် | ၁၉၇ |
| ၇-၄။ | လူတန်းစားများကြား ပြဿနာပေါ်ပေါက်ခြင်း | ၁၉၈ |
| ၇-၅။ | ယဉ်ကျေးမှုလွှမ်းမိုးလာခြင်း Max Waber ၏ အမြင် | ၂၀၄ |
| ၇-၆။ | အီမိုင်းဒတ်ကင်း Emile Durkheim ၏ အမြင် ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးပြောင်းလဲခြင်း | ၂၀၅ |
| ၇-၇။ | လူမှုပြောင်းလဲခြင်း၏ အကြောင်းရင်းလက္ခဏာများ | ၂၀၉ |
| ၇-၈။ | သဘာဝပတ်ဝန်းကျင် | ၂၁၀ |
| ၇-၉။ | လူဦးရေ | ၂၁၄ |
| ၇-၁၀။ | မှုန်းမံပြင်ဆင်မှု | ၂၁၇ |
| ၇-၁၁။ | ရှာဖွေတွေ့ရှိခြင်း | ၂၁၈ |
| ၇-၁၂။ | အတွေးအမြင်သစ်များ | ၂၂၁ |
| ၇-၁၃။ | တိုးတက်မှုအပေါ် ယုံကြည်ခြင်း | ၂၂၂ |
| ၇-၁၄။ | တိုးတက်ခြင်းကို ပြန်လည်သုံးသပ်ခြင်း | ၂၂၄ |
| ၇-၁၅။ | တီထွင်ဆန်းသစ်ခြင်း | ၂၂၆ |
| ၇-၁၆။ | ရောယှက်မှု | ၂၃၄ |
| ၇-၁၇။ | သိပ္ပံနှင့် နည်းပညာ | ၂၃၈ |


# အမှာ

လူမှုဗေဒပညာ သို့မဟုတ် လူ့အသိုက်အဝန်းကို လေ့လာသော ပညာရပ်သည် အလွန်ကျယ်ပြန့်လွန်းပါ၏။

ဤကမ္ဘာပေါ်ရှိ မည်သည့်နေရာကိုဖြစ်စေ လက်ညှိုးညွှန်လိုက်သည်နှင့် ထိုနေရာသည် လူမှုဗေဒပညာရပ်နှင့် မသက်ဆိုင်၊ မပတ်သက်ဟု ဆို၍မရလောက်သည်အထိ ကျယ်ပြန့်သည်။

လူမှုဗေဒပညာရပ်သည် လူကို ဗဟိုပြု၍လေ့လာသည်။ လူနှင့် တစ်နည်းတစ်ဖုံ ပတ်သက်ဆက်နွယ်နေသည့် အကြောင်းအရာ ပစ္စည်းပစ္စယ မှန်သမျှ လူမှုဗေဒပညာရပ်နှင့် ပတ်သက်သည်။

လူ၏ အမူအကျင့်၊ လူ၏ စိတ်နေစိတ်ထား၊ လူ လေ့လာနိုင်သည့်အသိ၊ လူ၏စွမ်းရည်၊ လူ၏တွေးတော ကြံဆမှု၊ လူ၏ယုံကြည်မှု၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူအများနေထိုင်မှု၊ မိသားစု၊ အသင်းအဖွဲ့၊ ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသည် စသည်များ အားလုံးသည် လူမှုဗေဒပညာရပ်နှင့် အကျုံးဝင်သည်။ လူများ ကြုံတွေ့ရသည့် ဘေးဒုက္ခ၊ ရောဂါဘယ၊ ရာဇဝတ်မှု၊ လူမွေးဖွားသည်မှ သေဆုံးမှုအထိ လူမှုဗေဒပညာရပ်နှင့် မကင်းတော့ပေ။

စစ်ပွဲတစ်ပွဲဖြစ်သည်။ လူမှုဗေဒပညာရပ်က လေ့လာသည်။ ကုန်ပစ္စည်းဈေးများ တက်သည်၊ ကျသည်။ ဘဏ်များ ပြိုလဲသည်။ လူတို့ စိတ်ထားများ မည်သို့ ပြောင်းသွားသနည်း။ မည်သို့ ပြုပြင်သည်။ ပြင်ဆင်သည်။



ယင်းအရာများ အားလုံးသည် လူနှင့်ပတ်သက်သည်။ ဆက်နွယ်သည်။ လူမှုဗေဒပညာရပ် ပါဝင်ရပြန်သည်။

ထိုမျှကျယ်ဝန်းသော လူမှုဗေဒပညာရပ်ကို ဤစာအုပ်ငယ်လေးနှင့် ဖော်ပြရသည့်အတွက် ပြီးပြည့်စုံနိုင်ခြင်း မရှိဟု ဝန်ခံရပါမည်။

သို့သော် လူမှုဗေဒပညာရပ်နှင့် ပတ်သက်၍ နိုင်ငံတကာ၌ ပညာရှင်များစွာ သုတေသီများစွာတို့က သူတို့၏အမြင်၊ သူတို့၏ အယူအဆများကို ရှုထောင့်ပေါင်းစုံဖြင့် ချဉ်းကပ်လေ့လာကာ သီးခြားစွာ ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြသည်။

လူမှုဗေဒပညာရပ်သည် အလွန်ကျယ်ဝန်းလွန်းလှသဖြင့် ပညာရှင်များသည် သူတို့အားသာသည့်အမြင်၊ အလေးပေးသည့်ရှုထောင့်၊ ကိုင်တွယ်အသုံးပြုသည့်နည်းစနစ်ဖြင့် ချဉ်းကပ်မှုများ ကွဲပြားသည့်နည်းတူ ရရှိလာသည့် သုံးသပ်မှုနှင့် ကောက်ချက်ချမှုကလည်း အမျိုးမျိုးဖြစ်နေလေ့ရှိသည်။

သို့ဖြစ်၍ ဤစာအုပ်သည် လူမှုဗေဒပညာရပ်၏ နိဒါန်းသဘော မိတ်ဆက်သည့် အနေအထားသာဖြစ်၍ အခြေခံအကျဆုံး၊ အရှင်းလင်းဆုံး ဖြစ်စေရန်သာ ရည်ရွယ်ပါသည်။

စာဖတ်သူများအနေနှင့် ဤစာအုပ်ပါ တင်ပြချက်များနှင့် ပတ်သက်၍ အတွေးဆန့်ကာ အတွေးသစ်များ၊ စိတ်ကူးသစ်များ ပေါ်ပေါက်လာရန်လည်း ရည်ရွယ်ပါ၏။

ဤစာအုပ်နှင့်ပတ်သက်၍ ထပ်မံ၍ ဝန်ခံလိုသည့်အချက်မှာ-

ဤစာအုပ်သည် မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ လူမှုဗေဒနှင့် သမိုင်းဘာသာရပ် ပါမောက္ခ *Craig Calhoun*, နယူးဂျာစီ တက္ကသိုလ်နှင့် ရှဒ်ဂါးတက္ကသိုလ်မှ လူမှုဗေဒပါမောက္ခ *Donald Light*, ပရင်စတန်တက္ကသိုလ် လူမှုဗေဒပါမောက္ခ *Suzanne Keller* တို့ သုံးဦးပေါင်းရေးသားပြီး ၁၉၉၄ ခုနှစ်တွင် *McGrow-Hill* စာအုပ်တိုက်မှ ထုတ်ဝေသော *Sociology* စာအုပ်ပါ အချက်အလက်များကို ထုတ်ယူ ကိုးကား၍ ဤစာအုပ်ကို စုစည်းရေးသားထားခြင်း ဖြစ်ပါ၏။



အဆိုပါ *Sociology* စာအုပ်သည် ၁၉၉၄ ခုနှစ်မှ ယခုတိုင် ခြောက်ကြိမ်တိုင်တိုင် ပြန်လည်ဖြည့်စွက် တည်းဖြတ်ထုတ်ဝေရသည့်အပြင် လူမှုဗေဒပညာရပ်နှင့် ပတ်သက်၍ ပညာရှင်များထက် သာမန်စာဖတ်ပရိသတ်များ၊ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်ပညာရှင်များအတွက် ပို၍ သင့်တော်မည်ဟု ယူဆ၍ ယင်းစာအုပ်ကို အခြေခံထားကာ အားထုတ် ကြိုးပမ်းခြင်းသက်သက်သာ ဖြစ်ပါ၏။

နိုင်ငံတကာ၌ ထုတ်ဝေခဲ့သမျှသော လူမှုဗေဒပညာရပ် စာအုပ်တိုင်းသည် စာအုပ်ရေးသားသူ၏ သီးခြားအမြင်အဖြစ် လက်ခံလေ့ရှိပါသည်။

အဘယ်ကြောင့်ဆိုသော် အချို့သော ပညာရှင်က စိတ်ပညာ၊ ဥပဒေ၊ သမိုင်း၊ နိုင်ငံရေးသိပ္ပံ အစရှိသဖြင့် ကွဲပြားသော ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များဖြစ်၍ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်းကို ချဉ်းကပ် လေ့လာ တင်ပြသည့်အခါ သူတို့ အားသန်ရာ ဘာသာရပ်ရှုထောင့်မှနေ၍ အသေးစိတ် ထဲထဲဝင်ဝင် သုံးသပ်မှုများကို တွေ့ရ၍ ဖြစ်၏။

သို့အတွက် လူမှုဗေဒပညာရပ်သည် ပို၍ ကျယ်ဝန်းသည်၊ ပို၍ အသိရခက်ပါ၏။ ထို့ထက် အသိရခက်သည့် အကြောင်းတစ်ခုကား လူမှုဗေဒပညာရပ်၏ ဗဟိုချက်သည် 'လူ' ဖြစ်နေ၏။ လူသည် အကြောင်းအမျိုးမျိုး၊ အချိန်အခါလိုက် အစဉ်ပြောင်းလဲနေသည့် သဘာဝရှိသည်။

ထိုပြောင်းလဲနေသော 'လူ' နောက်ကိုလိုက်၍ လူမှုဗေဒပညာရပ်က လေ့လာသည်။ အဓိပ္ပာယ်ဖော်သည်၊ ကောက်ချက်ချသည်။ အဆုံးမရှိသော ဖြစ်စဉ်နောက်လိုက်နေသည့်ပညာရပ်ဟု ဆိုရပေမည်။

ဤကမ္ဘာပေါ်၌ လူရှိနေသရွေ့၊ လူ့အဖြစ်များ ရှိနေသေးသရွေ့ လူမှုဗေဒပညာရပ်သည်လည်း ဆက်လက် ရှိနေဦးမည်ဟူသော အဆိုသည် မည်သည့်အခါမျှ မမှားနိုင်ဟု...

စုစည်းတင်ပြသူ

စိုးမင်းဦး